PROVEN
GROUP OF COMPANIES

00669

Yangon Office : No.F/S-14, Bayint Naung Road, Shwe Sabai Yeik Mon, Kamayut Township, Yangon, Myanmar.
Tel : (95-1) 531030, 531262, 531041.
Email : info@proven.com.mm Website: http://www.proven.com.mm

**Proven Group of Companies ၏**

**၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်**

**ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည်စုံညီ အစည်းအဝေးဆုံးဖြတ်ချက်များအား အသိပေးကြေညာခြင်း**

| | | |
|---|---|---|
| အစည်းအဝေးကျင်းပပြုလုပ်သည့်ရက် | - | ၂၉. ၀၈. ၂၀၂၆ ရက် (စနေနေ့) |
| အစည်းအဝေးကျင်းပပြုလုပ်သည့်အချိန် | - | နေ့လယ် (၃:၀၀) နာရီ |
| အစည်းအဝေးကျင်းပပြုလုပ်သည့်နေရာ | - | **Sedona Hotel Yangon, Mindon room (Level 2),** No. 1 Kabar Aye Pagoda Rd, Yangon Myanmar **Via Zoom Application** |

**အစည်းအဝေးတက်ရောက်ကြသူများစာရင်း**

| စုစုပေါင်း အစုရှယ်ယာရှင်ဦးရေ | အစည်းအဝေးတက်ရောက်သူ | ပျက်ကွက်သူ |
|---|---|---|
| ၂၄ | ၁၉ | ၅ |

Proven Group of Companies ၏ (၅) ကြိမ်မြောက် နှစ်ပတ်လည်စုံညီအစည်းအဝေးဆုံးဖြတ်ချက်များကိုကြေညာချိန်တွင် မြန်မာနိုင်ငံရှိစီးပွားရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှုအစီရင်ခံစာဖြစ်သည့် ပွင့်သစ်၏ Assessment များထဲတွင် အစုရှယ်ယာရှင် လူကြီးမင်းများ၏ ဆန္ဒမဲအလိုက် ကြေညာပေးခြင်း ရှိ/မရှိကို ၎င်းတို့၏ အကဲဖြတ်အမှတ်စာရင်းထဲတွင် ပါဝင်သည့်အတွက် အစုရှယ်ယာရှင်ကြီးများအနေဖြင့် အစည်းအဝေး၏ တင်ပြဆွေးနွေးချက်များကို အတည်ပြုခြင်း၊ ကန့်ကွက်ခြင်းများအတွက်၊ လက်ပြထောင်ခြင်း၊ Online က တက်ရောက်သူအစုရှင်များအနေဖြင့် Chat Box မှာ လက်ပြထောင် အမှတ်အသားနှိပ်ခြင်းတို့ကို ပြုလုပ်နိုင်ပါကြောင်း၊ အတည်ပြုချက်များကို ဆန္ဒမဲအလိုက်ကြေညာပေးကာ မှတ်တမ်းတင်ဖော်ပြသွားမည်ဖြစ်ပါကြောင်းကို ပဏ္ဍာမရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့ကြောင့် ဆုံးဖြတ်ချက်များကို တစ်ချက်ခြင်းဖတ်ကြားချိန်တွင် လက်ပြထောင်ခြင်းဖြင့် အောက်ပါ အစည်းအဝေး ဆုံးဖြတ်ချက် များကို တစ်ညီတစ်ညွတ်တည်း သဘောတူ ဆုံးဖြတ်ခဲ့ပါသည် -

အစည်းအဝေးဆုံးဖြတ်ချက်များ

| စဉ် | ဆုံးဖြတ်ချက်များ | မဲပေးမှု | | | ရလဒ် |
|---|---|---|---|---|---|
| | | ထောက်ခံ | ကန့်ကွက် | ကြားနေ | |
| ၁။ | ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်း၏တိုးတက်မှုအခြေအနေများကို မှတ်တမ်းတင်အတည်ပြုခဲ့သည်။ | ၁၉ | - | - | အတည်ပြုသည်။ |
| ၂။ | ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား အတည်ပြုခဲ့သည်။ | ၁၉ | - | - | အတည်ပြုသည်။ |
| ၃။ | Proven Group of Companies Ltd. ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် JF Audit Firm ၏ စာရင်းစစ်အစီအရင်ခံစာအား တင်ပြအတည်ပြုခဲ့သည်။ | ၁၉ | - | - | အတည်ပြုသည်။ |
| ၄။ | ၂၄.၀၁.၂၀၂၆ ရက်နေ့ (စနေနေ့) တွင် ပြုလုပ်ကျင်းပခဲ့သော 1/2026 PG BOD Meeting တွင် FY 2025-2026 Sustainability Report ကို ဒါရိုက်တာအဖွဲ့မှ အတည်ပြုပြီးနောက် ယနေ့ကျင်းပသည့် (၅) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးတွင် အစုရှယ်ယာရှင်များမှ အတည်ပြုခဲ့သည်။ | ၁၉ | - | - | အတည်ပြုသည်။ |
| ၅။ | (၂၀၂၅-၂၀၂၆) ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အစီအရင်ခံစာ (Annual Report) အား မှတ်တမ်းတင်ခွင့်ပြုသည်။ | ၁၉ | - | - | အတည်ပြုသည်။ |
| ၆။ | Proven Group of Companies Ltd. ၏ Vision, Mission, Slogan တို့အား အတည်ပြုခဲ့ပါသည်။ | ၁၉ | - | - | အတည်ပြုသည်။ |
| ၇။ | (၂၀၂၆-၂၀၂၇) ဘဏ္ဍာရေးနှစ်အတွက် Proven Group ၏ စာရင်းများကို စစ်ဆေးမည့် External Audit Firm များဖြစ်သည့် JF Group Accounting & Auditing Firm အား ခန့်အပ်ခြင်းနှင့် | ၁၉ | - | - | အတည်ပြုသည်။ |

| | | | | | |
|---|---|---|---|---|---|
| | စာရင်းစစ်အခကြေးငွေကို ဒါရိုက်တာအဖွဲ့မှ အတည်ပြုရန် တင်ပြချက်အား အစုရှယ်ယာရှင်များမှ အတည်ပြုခဲ့သည်။ | | | | |
| ၈။ | (၂၀၂၆-၂၀၂၇) ဘဏ္ဍာရေးနှစ်အတွက် Proven Group of Companies Ltd ၏ ဒါရိုက်တာအဖွဲ့အား အဖွဲ့ဝင် (၁၇) ဦးဖြင့်ဖွဲ့စည်းခြင်းကို အတည်ပြုခဲ့သည်။ | ၁၉ | - | - | အတည်ပြုသည်။ |
| ၉။ | (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်အတွက် အကြံပေးပုဂ္ဂိုလ် (၂)ဦးဖြစ်သည့် ဦးကျော်ညွန့်နှင့် ဦးအောင်ညွန့်တို့အား Proven Group of Companies ၏ အကြံပေး ပုဂ္ဂိုလ်များ အဖြစ် ခန့်အပ်ခြင်းကို အတည်ပြုခဲ့သည်။ | ၁၉ | - | - | အတည်ပြုသည်။ |
| ၁၀။ | ဦးထွန်းမြင့် ကုမ္ပဏီဥက္ကဋ္ဌ (Chairman)ရာထူးအစား ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ (Chairman of BOD) အဖြစ် ပြောင်းလဲခေါ်တွင်စေခြင်းနှင့် ဦးသန်းထိုက်လွင် (CEO)အား အမှုဆောင် ဥက္ကဋ္ဌ (Executive President) အဖြစ် ပြောင်းလဲ သတ်မှတ်ခြင်းတို့ကို အတည်ပြုခဲ့ပါသည်။ | ၁၉ | - | - | အတည်ပြုသည်။ |
| ၁၁။ | အစုရှယ်ယာရှင်များ၏ မေးမြန်းချက်နှင့် အကြံပြုချက်များ တစ်စုံတစ်ရာ မရှိ ကြောင်းကို မှတ်တမ်းတင်အတည်ပြုခဲ့ပါသည်။ | ၁၉ | - | - | အတည်ပြုသည်။ |

PROVEN
GROUP OF COMPANIES

00664

Yangon Office : No.F/S-14, Bayint Naung Road, Shwe Sabai Yeik Mon, Kamayut Township, Yangon, Myanmar.
Tel : (95-1) 531030, 531262, 531041.
Email : info@proven.com.mm Website: http://www.proven.com.mm

| **အတည်ပြုသူ** | **မှတ်တမ်းတင်သူ** |
|---|---|
| ဦးမျိုးသစ်အောင် | ဒေါ်နှင်းနှင်းဖြိုး |
| Director (Admin & Account) | Assistant Corporate Affairs Officer |
| Proven Group of Companies Limited. | Proven Group of Companies Limited. |

| | | |
|---|---|---|
| စာအမှတ် | - | ပီဂျီ /စီမံ/ ၀၉၂ /၂၀၂၆။ |
| ရက်စွဲ | - | ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၉) ရက်။ |
| ဖြန့်ဝေခြင်း | - | BODအဖွဲ့ဝင်များ၊ |
| | | အစုရှယ်ယာရှင်များနှင့် |
| | | အထူးဖိတ်ကြားထားသောဧည့်သည်တော်များ |
| မိတ္တူ | - | ရုံးလက်ခံ။ |